Press Release

သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၆ ရက်

## အာဆီယံအနေဖြင့် မြန်မာနိုင်ငံဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးနှင့် တရားမျှတမှုရှာဖွေရေးကို ထောက်ခံပံ့ပိုးရမည်

မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများက မြန်မာပြည်သူများ ဦးဆောင်သည့်ဖြေရှင်းနည်းဖြင့် အကျပ်အတည်းဖြေရှင်းရေးကို လုပ်ဆောင်သွားရန် အာဆီယံအား တိုက်တွန်းတောင်းဆို

ယနေ့တွင် ACSC/APF အတွက် ဖွဲ့စည်းထားသော Myanmar National Organizing Committee (Myanmar NOC) သည် အာဆီယံ၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် "မြန်မာပိုင်၊ မြန်မာဦးဆောင်ဖြေရှင်းမှု" အပေါ် အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ရပ်တည်ချက်စာတမ်းကို ထုတ်ပြန်ခဲ့ကြပြီး အရပ်ဘက်လူထုအဖွဲ့အစည်း ၂၆၀ က ထောက်ခံလက်မှတ်ရေးထိုးခဲ့ကြသည်။ ၎င်းစာတမ်းထဲတွင် လုံးဝ အလုပ်မဖြစ်နေသော အာဆီယံဘုံသဘောတူညီချက် ငါးရပ်အား ဆက်လက်ကျင့်သုံးလိုသည့် အာဆီယံခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်အပေါ် ဝေဖန်သုံးသပ်ချက်များ၊ မြန်မာနိုင်ငံ၏အကျပ်အတည်းနှင့်ပတ်သက်၍ စစ်မှန်သော "မြန်မာပိုင်၊ မြန်မာဦးဆောင်ဖြေရှင်းမှု" လိုအပ်ကြောင်း သုံးသပ်ရှင်းလင်းချက်များအပြင် အာဆီယံအတွက် အဓိကအကြံပြုတိုက်တွန်းချက်များကို ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် စစ်အုပ်စုကြောင့် ဖြစ်ပေါ်လာခဲ့သည့် အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် အာဆီယံ၏ အချည်းနှီးဖြစ်နေသည့် ကြိုးပမ်းမှုသည် ၂၀၂၁ ခုနှစ် ဧပြီလတွင် ၎င်းဘုံသဘောတူညီချက် ငါးရပ်ကို အတည်ပြုခဲ့ချိန်ကတည်းက မြန်မာပြည်သူများအပေါ် အလွန်အန္တရာယ်ရှိကြောင်း မျက်မြင်တွေ့ကြုံခဲ့ရပြီး ဖြစ်သည်။ ယင်းဘုံသဘောတူညီချက်ငါးရပ်ကို ကျော်လွန်ဆောင်ရွက်ရန် မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်အဘက်လူထု အဖွဲ့အစည်းများမှ အကြိမ်ကြိမ်တောင်းဆိုမှုများ ရှိခဲ့သော်လည်း အာဆီယံခေါင်းဆောင်များသည် "မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် အဓိကရည်ညွှန်းချက်အဖြစ် ဘုံသဘောတူညီချက်ငါးရပ်ကိုသာ ဆက်လက်ထိမ်းသိမ်းထားရန်" ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ထုန်ပြန်ကြေညာခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်တွင် အာဆီယံခေါင်းဆောင်များသည် ၎င်းတို့၏ရည်မှန်းချက်မှာ "မြန်မာပိုင်၊ မြန်မာဦးဆောင်သည့် အားလုံးပါဝင်မှုရှိပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းသည့် ဖြေရှင်းချက်တစ်ခု ရရှိရေး မြန်မာပြည်သူများကို ကူညီပံ့ပိုးပေးရန်" ဖြစ်ကြောင်း အပေါ်ယံအသံကောင်းဟစ်ကြွေးခဲ့သော်လည်း လက်တွေ့တွင်မူ အာဆီယံသည် စစ်အာဏာရှင်ဖျက်သိမ်းရေးနှင့် အားလုံးပါဝင်မှုရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် မြန်မာပြည်သူလူထု၏ ကြိုးပမ်းအားထုတ်မှု၊ ပေးဆပ်အနစ်နာခံမှုတို့နှင့် တစ်သားတည်း ရပ်တည်ရန် ဆက်လက်ပျက်ကွက်နေဆဲ ဖြစ်သည်။ အာဆီယံသည် မကြာသေးမီလများအတွင်း စစ်အုပ်စုကို

မြန်မာနိုင်ငံအား ကိုယ်စားပြုခွင့် ပေးခဲ့ပြီး တိုင်းပြည်၏ အာဏာပိုင်အဖွဲ့သဖွယ် မှန်ကန်မှုမရှိသည့်တရားဝင်မှုကို ပေးအပ်ခဲ့သည်။ အာဆီယံသည် စစ်အုပ်စုအား ငွေကြေး၊ စစ်လက်နက်နှင့် လေယာဉ်ဆီများ လက်လှမ်းမီ ရရှိနိုင်ရေး ဆက်လက်ကူညီပံ့ပိုးနေခဲ့ပြီး မြန်မာပြည်သူများအပေါ် စစ်အုပ်စုက ကျူးလွန်နေသည့် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများတွင် အာဆီယံ၏ ကြံရာပါဖြစ်မှုသည် ပိုမို၍ နက်ရှိုင်းလာနေစေသည်။

ဤရပ်တည်ချက်စာတမ်းတွင် "မြန်မာပိုင်၊ မြန်မာဦးဆောင်သော အားလုံးပါဝင်မှုရှိသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းသည့်ဖြေရှင်းနည်း" ခေါင်းစဉ်အောက်တွင် "အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ" ကို အရှိန်မြှင့် ဆောင်ရွက်ရန် ၎င်းတို့၏သဘောဆန္ဒတို့ကို ဖော်ပြထားသည့် အာဆီယံ၏ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဆုံးဖြတ်ချက်ကို တိုက်ရိုက်တုံ့ပြန်မှုကို ထည့်သွင်းဖော်ပြထားသည်။ အာဆီယံ၏ လုပ်ကိုင်ဆောင်ရွက်မှုသည် တည်ငြိမ်ရေးအတွက် နိုင်ငံဗဟိုပြုသောချဉ်းကပ်မှုဖြစ်ပြီး ဆေးမြီးတိုဖြေရှင်းချက်များကိုသာ ချမှတ်ကျင့်သုံးရန် ရည်မှန်းထားကြောင်းထင်ရှားပြီး မြန်မာနိုင်ငံကို အကြမ်းဖက်မှုများနှင့် စစ်အာဏာရှင်များ၏ သံသရာအတွင်း ဆက်လက်ပိတ်မိနေစေမည် ဖြစ်သည်။ နိုင်ငံ၏နယ်မြေ ၈၆ ရာခိုင်နှုန်းကို လွှမ်းခြုံထားသော မြို့နယ်များသည် စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်တွင် မရှိတော့သည့် လက်တွေ့အခြေအနေတွင် မြန်မာနိုင်ငံအနာဂတ်အတွက် စစ်အုပ်စု၏ မည်ကဲ့သို့သော ပါဝင်ပတ်သက်မှု သို့မဟုတ် ထိတွေ့ဆက်ဆံမှုများသည် နည်းလမ်းကျပြီး လက်တွေ့ဆန်မှု ရှိမည် မဟုတ်ပေ။

မြန်မာနိုင်ငံတွင် အားလုံးပါဝင်မှုရှိပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဆီသို့ ဦးတည်နိုင်မည့် တစ်ခုတည်းသောလမ်းကြောင်းမှာ ရာဇဝတ်မှုများကျူးလွန်ထားသည် စစ်တပ်အဖွဲ့အစည်းကို အပြီးတိုင် ဖျက်သိမ်းပြီး တန်းတူညီမျှမှုရှိသော အာဏာခွဲဝေမှုနှင့် အားလုံးအတွက် လူ့အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် အရပ်သားဦးဆောင်သော ဖက်ဒရယ်ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ခြင်းက အမှန်တကယ်လက်တွေ့ကျမည် ဖြစ်သည်။ ထို့ကြောင့် ယင်းရည်မှန်းချက်များ ရရှိနိုင်ရေးအတွက် ပြည်သူများ၏ ဆန္ဒနှင့် ကြိုးပမ်းမှုများကို ပံ့ပိုးကူညီခြင်းသည်သာ အာဆီယံ၏ အကောင်းဆုံး အကျိုးစီးပွားကို ဖြစ်ပေါ်စေလိမ့်မည် ဖြစ်သည်။

၎င်းရပ်တည်ချက်စာတမ်းတွင် မြန်မာပြည်သူများအတွက် အမှန်တကယ် အထောက်အကူဖြစ်စေမည့် ခိုင်မာတိကျသော လုပ်ကိုင်ဆောင်ရွက်မှုများအတွက် အဓိကကျသောအကြံပြုတိုက်တွန်းချက် ခြောက်ချက်ကို အာဆီယံအား အဆိုပြုထားသည်။ ပထမဦးစွာ အရေးကြီးဆုံးအချက်အနေဖြင့် မြန်မာနိုင်ငံအကျပ်အတည်းကို ဖြေရှင်းရာတွင် မြန်မာပြည်သူများဦးဆောင်သော၊ ပြည်သူကိုဗဟိုပြုသည့် ဖြေရှင်းချက်ရရှိနိုင်ရန် အာဆီယံအနေဖြင့် ဘုံသဘောတူညီချက်ငါးရပ်ကို ကျော်လွန်ဆောင်ရွက်ရမည် ဖြစ်သည်။ ယင်းအချက်က ရာဇဝတ်မှုများကို ကျူးလွန်ထားသည့် စစ်တပ်အဖွဲ့အစည်းကို အလုံးစုံဖျက်သိမ်းပြီး၊ အားလုံးပါဝင်မှုရှိသော ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်ရေး မြန်မာပြည်သူများ၏ ရည်မှန်းချက်များကို ပြတ်ပြတ်သားသားသား ထောက်ခံပေးရမည်ဟု ဆိုလိုသည်။ ထိုသို့လုပ်ဆောင်ရာတွင် အာဆီယံသည် တရားမဝင်စစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံရန် သို့မဟုတ် ညှိနှိုင်းဆွေးနွေးရန် မြန်မာတော်လှန်ရေးအင်အားစုများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများအပေါ်

ဖိအားပေးမှုအားလုံးကို ရပ်တန့်ရမည်၊ စစ်အုပ်စု၏ တရားမဝင် အတုအယောင်ရွေးကောက်ပွဲအား ပံ့ပိုးကူညီမည့် အစီအစဉ်မှန်သမျှကို ရပ်တန့်ရမည်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် ဖက်ဒရယ်ယူနစ်များ အပါအဝင် မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များကို အသိအမှတ်ပြုရန်၊ နှင့် စစ်အုပ်စုကို လုံးဝဖယ်ရှားထားသည့် ဒေသခံပြည်သူများ ဦးဆောင်သည့် နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်များကို ပံ့ပိုးကူညီပေးရမည် ဖြစ်သည်။

**Myanmar NOC အဖွဲ့ဝင် Queers of Burma Alternative ၏အတွင်းရေးမှူး ကြည်က** "မြန်မာစစ်အုပ်စုက မြန်မာပြည်သူများအပေါ် လေကြောင်းတိုက်ခိုက်မှု၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စနစ်တကျကျူးလွန်တဲ့ အကြမ်းဖက်စစ်ဆင်ရေးတွေကို လေးနှစ်နီးပါး ကျူးလွန်လာခဲ့ပြီး ဖြစ်တယ်။ ဒီလို စစ်တပ်ရဲ့ ကြောက်မက်ဖွယ်အကြမ်းဖက်မှုတွေကို ရင်ဆိုင်နေရတဲ့ မြန်မာပြည်သူတွေရဲ့ အာဆီယံအပေါ် တောင်းဆိုချက်တွေကို ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြောဆိုထားပြီး ဖြစ်ပါတယ်။ အာဆီယံအနေနဲ့ သူတို့ရဲ့ ပဋိညာဉ်စာတမ်းမှာ ပြဋ္ဌာန်းထားတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူတွေနဲ့ပတ်သက်တဲ့ ကတိကဝတ်တွေကို လေးစားလိုက်နာပြီး မြန်မာပြည်သူတွေဘက်က အခိုင်အမာ ရပ်တည်ပေးရမယ့်အချိန် ဖြစ်ပါတယ်။ အာဆီယံအနေနဲ့ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးနဲ့ မြန်မာပြည်သူတွေ အတွက် တန်းတူညီမျှမှု၊ ဂုဏ်သိက္ခာရှိမှု၊ တရားမျှတမှုတို့ အမှန်တကယ်ရှိတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ပံ့ပိုးကူညီရမှာ ဖြစ်ပါတယ်။" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

**Myanmar NOC အဖွဲ့ဝင် Generation Wave ၏ အမှုဆောင်ဒါရိုက်တာ ဘိုဘိုက** "အာဆီယံရဲ့ဘုံသဘောတူညီချက် ငါးရပ်က စစ်အုပ်စုကြောင့် ဖြစ်ပေါ်လာတဲ့ အကျပ်အတည်းကို ဖြေရှင်းရေး တစုံတရာလုပ်ဆောင်ဖို့ လုံးဝပျက်ကွက်ခဲ့တယ်။ စစ်အုပ်စုက ဘုံသဘောတူညီချက်ငါးရပ်ကို ပြောင်ပြောင်တင်းတင်း လျစ်လျူရှုထားပြီး၊ အာဏာရှင်ဆန့်ကျင်ရေး ဒီမိုကရေစီတော်လှန်ရေးလှုပ်ရှားမှုကို ချေမှုန်းရေးနည်းဗျူဟာအဖြစ် နိုင်ငံတစ်ဝှမ်း အရပ်သားပြည်သူတွေအပေါ် နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်တာတွေကို အရှိန်မြှင့်လုပ်ဆောင်ပြီး အကြမ်းဖက်မှုတွေကို တိုးမြှင့်လုပ်ဆောင်ခဲ့တယ်။ အာဆီယံအနေနဲ့ အောင်မြင်မှုမရှိတဲ့ ဘုံသဘောတူညီချက် ငါးရပ်အပေါ် ဆက်လက်မှီခိုနေခြင်းဟာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးအတွက် ပြည်သူတွေရဲ့ကြိုးပမ်းအားထုတ်မှု တွေအပေါ် ဆိုးရွားစွာ ထိခိုက်စေတာကြောင့် အာဆီယံအပေါ် မြန်မာပြည်သူတွေရဲ့ ယုံကြည်မှု လုံးဝ ကင်းမဲ့သွားစေပါတယ်။ အာဆီယံအနေနဲ့ ဘုံသဘောတူညီချက်ငါးရပ်ကို ကျော်လွန်တဲ့ ဆောင်ရွက်မှုတွေကို လုပ်ဆောင်ရမှာဖြစ်ပြီး၊ စစ်အုပ်စုနဲ့ ထိတွေ့ဆက်ဆံမှုအားလုံးကို အဆုံးသတ်ကာ စစ်အုပ်စုရဲ့ အတုအယောင်ရွေးကောက်ပွဲအစီအစဉ်တွေကို ပြတ်ပြတ်သားသား ရှုတ်ချရပါမယ်။" ဟု ပြောကြားခဲ့သည်။

**Myanmar NOC အဖွဲ့ဝင် သွေးစွန်းငွေဖြတ်တောက်ရေးလှုပ်ရှားမှုအဖွဲ့၏ဦးဆောင်သူ မူလန်က** "ပြီးခဲ့တဲ့နှစ်အတွင်းမှာ စစ်အုပ်စုဟာ နိုင်ငံတစ်ဝှမ်း အရပ်သားပြည်သူတွေအပေါ် ပစ်မှတ်ထားတဲ့ လေကြောင်းတိုက်ခိုက်မှုတွေကို အရှိန်မြှင့်လုပ်ဆောင်ခဲ့တယ်၊ အဲ့ဒီရက်စက်ကြမ်းကြုတ်မှုတွေမှာ အာဆီယံရဲ့ ကြဲရာပါပတ်သက်မှုကို ပိုပြီး နက်ရှိုင်းစေခဲ့တယ်။ Amnesty International ရဲ့ အချက်အလက်အရ ဒီနှစ် ဇန်နဝါရီလနဲ့ ဇွန်လအကြား

အာဆီယံအဖွဲ့ဝင် ဗီယက်နမ်နိုင်ငံကတစ်ဆင့်ဖြတ်ပြီး စစ်အုပ်စုထံ လေယာဉ်ဆီတင်ပို့မှု အနည်းဆုံးနှစ်ကြိမ်ရှိကြောင်း သိရှိရပါတယ်။ တစ်ချိန်တည်းမှာ မြန်မာစစ်တပ်က နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC)၊ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)နဲ့ အာဂျင်တီးနားနိုင်ငံတို့မှာ ရက်စက်ကြမ်းကြုတ်မှုကြီးတွေကို ကျူးလွန်ထားကြောင်း စွပ်စွဲချက်တွေကို ရင်ဆိုင်နေရပါတယ်။ အာဆီယံအနေနဲ့ မြန်မာပြည်သူတွေအပေါ် စစ်အုပ်စုကကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို အားပေးကူညီနေတာ ရပ်တန့်ရပါမယ်။ အဲ့ဒီအစား အာဆီယံအနေနဲ့ နိုင်ငံတကာဥပဒေအောက်မှာ မြန်မာစစ်တပ်ကို တရားစွဲအပြစ်ပေးနိုင်ရေး နိုင်ငံတကာကြိုးပမ်းအားထုတ်မှုတွေမှာ ပူးပေါင်းပါဝင်ရပါမယ်။ ဒါ့အပြင် မြန်မာနိုင်ငံအတွင်း ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ပံ့ပိုးကူညီရပါမယ်။” ဟု ပြောကြားခဲ့သည်။

**ရပ်တည်ချက်စာတမ်းအပြည့်အစုံကို [ဤနေရာတွင်] ရယူပါ။**

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**


- Myanmar National Organizing Committee for ACSC/APF, MMNOC.ACSCAPF@proton.me


**Myanmar National Organizing Committee for ACSC/APF အကြောင်း**

အာဆီယံအရပ်ဘက်လူထုအဖွဲ့အစည်းများညီလာခံ/အာဆီယံပြည်သူဖိုရမ် (ACSC/APF) အတွက် Myanmar National Organizing Committee ကို အရပ်ဘက်လူထုအဖွဲ့အစည်း ၁၈ ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့မှာ Action Committee for Democracy Development (ACDD)၊ Association of Human Rights Defenders and Promoters (HRDP)၊ Athan – Freedom of Expression Activist Organization၊ Blood Money Campaign (BMC)၊ Creative Home (CH)၊ Equality Myanmar (EQMM)၊ Generation Wave (GW)၊ Generations' Solidarity Coalition of Nationalities (GSCN)၊ Justice & Equality Focus၊ Kyae Lak Myay၊ Network for Human Rights Documentation – Burma (ND-Burma)၊ Nyan Lynn Thit Analytica၊ Progressive Voice (PV)၊ Queers of Burma Alternative (QBA)၊ Rohingya Maìyafuìnor Collaborative Network (RMCN)၊ Women Advocacy Coalition – Myanmar (WAC-M)၊ Women's League of Burma (WLB)၊ နှင့် Yangon Medical Network (YMN) တို့ဖြစ်သည်။